ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

ဥယျာဉ်ကျေးရွာ၊ ဥယျာဉ်ကျေးရွာအုပ်စု

၂၀၁၇ ခုနှစ် ကျောက်တန်းမြို့

မာတိကာ

၁။ကျောက်တန်းမြို့နယ်မြေပုံ ....................................................................................................၂

၂။ဥယျာဉ်ကျေးရွာအုပ်စုမြေပုံ ....................................................................................................၃

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း......................................................၄

၄။ကျေးရွာအခြေခံအချက်အလက်များ ..........................................................................................၅

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်..................၆

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ...၇

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ....................၂၁

၈။ ကျေးရွာကော်မတီဝင်များစာရင်း...........................................................................................၂၄


၉။ပုံစံစ-၁။ကျေးရွာအချက်အလက်...................................................................................... ၂၇

၁၀။ပုံစံစ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ..........................................................................၃၀


၁၁။အစည်းအဝေးမှတ်တမ်းများ ..................................................................................................၃၂

၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP).........................................၃၆

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
သုံးခွသို့
ကျောက်တန်းမြို့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ဥယျာဉ်ကျေးရွာ အုပ်စုမြေပုံ




## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ဥယျာဉ်ကျေးရွာ၊

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

ဥယျာဉ်ကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး ၊ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် (၃၃)မိုင်ခန့်အကွာတွင်တည်ရှိသည်။ ဥယျာဉ်ကျေးရွာသည် သမိုင်းဝင်ရွာတစ်ရွာဖြစ်သည်။ ပါဒရှင်ဘုရင်သမီးတော် ကြခတ်ဂယတ်မင်းသမီးက စစ်ဖြစ်ပေါ်နေစဉ် ထိုနေရာသို့ သွားရောက်ပုန်းရှောင်နေခဲ့သည်။ ကြခတ်ဂယတ်မင်းသမီးဆိုသည်မှာကြခတ်ပင်များပတ်ပတ်လည်စိုက်၍နေထိုင်သော ကြောင့် ကြခတ်ဂယတ်ဟုခေါ်ဆိုခဲ့သည်။ စစ်ငြိမ်းသောအခါအောင်ပြီဟူသော ရည်ရွယ်ချက်ဖြင့် အောင်ချမ်းသာဘုရားဟူ၍ အုတ်ဂူဘုရားတည်၍ ရုပ်ပွားတော်မြတ်ကို စေတီတည်ထားကိုးကွယ်ခဲ့သည်။ ထိုစဉ်ဘုရားကိုးဆူတည်ခဲ့သော်လည်း ယခုတွင်မူ ဘုရားကုန်းတော်များသာ ကျန်ရှိနေခဲ့သည်။ လက်ရှိအချိန်တွင် စေတီသုံးဆူနှင့် ကုန်းတော်ခြောက်ကုန်းသာကျန်ရှိနေသည်။ ကြခတ်ဂါးတွေ ဂါးနက်ပင်တွေ စိုက်ပျိုးခဲ့သည်ကို အစွဲပြု၍ ဥယျာဉ်မြေကြီးသဖွယ် ဖြစ်နေသောကြောင့် ဥယျာဉ်ကျေးရွာဟု အမည်တွင် ခေါ်ဝေါ်ခဲ့ကြသည်။ ရွာ၏အရှေ့ဘက်တွင် အစဲကျေးရွာ၊ တောင်ဘက်တွင် ရွာသစ်ကလေးကျေးရွာနှင့်မြောက်ပိုင်းတွင် မှော်ဂန်းချောင်းတို့ရှိသည်။ ယခုအခါတွင် အိမ်ထောင်စု(၅၀၀)ရှိပါသည်။ ဗုဒ္ဓဘာသာကိုးကွယ်သူများပြီး ဟိန္ဒူဘာသာဝင် အနည်းငယ်ရှိသည်။

ရေကြောင်းလမ်း၊ ကုန်းကြောင်းလမ်းတို့ဖြင့် လွယ်ကူလျင်မြန်စွာ သွားလာနိုင်သည်။ လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြသည်။ လူမှုရေး၊ ဘာသာရေးတို့တွင်လည်း ရပ်သူရွာသားအားလုံး စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြသည်။ ပညာရေးတွင်လည်း မူလွန်အဆင့်ထိတိုးတက်လာခဲ့သည်။ ပညာရေးကို အလွန်ဦးစားပေးသော ကျေးရွာဖြစ်သည်။ ဆေးပေးခန်းအဆင့်ရှိသည်အထိ တိုးတက်လာခဲ့သည်။

## ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| မရှိ | ၁၂ | ၃၀ | ၂၃ | ၅၃ |

## ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၁၅ | ၃၇ | ၃၃ | ၇၀ |
| မြေယာမဲ့ | ၀ | ၀ | ၀ | ၀ |
| မသန်စွမ်း | ၄ | ၁ | ၃ | ၄ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဆန်စက် | |
| ပဲဒီစိမ်း | ဝက် | ခြွေလှေ့စက် | |
| | ဆိတ် | စျေးဆိုင် | |
| | ဘဲ | စပါးအရောင်းအဝယ် | |
| | | ပဲတည်စိမ်းအရောင်းအဝယ် | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဉယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၂၀၅၅.၈၁ | | | | ၇ | |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | အသေးစားဆည် | စျေးဆိုင် |
| အရေအတွက် | | ၁၈ | ၂ | ၁၂ | | ၁၀ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | | ၁၆၀ | ၂၀၀ | ၆ | ၂၈၅ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက်၊ဆိတ် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၆၅ | ၁၄၀ | ၁၀ | ၅၀ | ၂ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၂၂-၁-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၂၁ | ၂၇ | ၄၈ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၂၂-၁-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၂၁ | ၂၇ | ၄၈ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊အားလပ်ရက်များ၊ ပွဲတော်ရက်များ။ |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၂-၁-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၂၁ | ၂၇ | ၄၈ | ကျေးရွာတွင်းရှိ အရင်းအမြစ်များအားသိရှိခြင်း |
| ၄ | ပင့်ကူအိမ် သုံးသပ်ချက် | ၂၃-၁-၂၀၁၄ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၂၀ | ၃၇ | ၅၇ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၅ | ဗင်းပုံစံသုံးသပ်ချက် | ၂၃-၁-၂၀၁၄ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ကျေးရွာလူထု | ၂၀ | ၃၇ | ၅၇ | အဖွဲ့အစည်းများသည် မည်သို့ ချိတ်ဆက်ဆောင်ရွက်နေသည်ကို သိရှိစေရန်။ |
| ၆ | ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက် | ၂၅-၁-၂၀၁၄ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၈၈ | ၁၁၈ | ၂၀၆ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်မ

### ၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။




**သုံးသပ်ချက်**

ဥယျာဉ်ကျေးရွာအုပ်စု၊ ဥယျာဉ်ကျေးရွာသည် ကျောက်တန်းမြို့၏ အရှေ့တောင်ဘက်တွင် တည်ရှိပြီး အိမ်ထောင်စု(၅၀၀)စု၊ လူဦးရေ(၁၇၁၆)ဦးရှိသော ရွာတစ်ရွာ ဖြစ်ပါသည်။ ကျေးရွာ၏ အဓိကလုပ်ကိုင်သော လုပ်ငန်းမှာ လယ်ယာလုပ်ငန်းဖြစ်သည်။ ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းရှိသည်။ ရွာ၏ တောင်ပိုင်းနှင့်ရွာမြောက်ပိုင်းတွင်စေတီတော်(၂)ဆူရှိပါသည်။ ကျေးရွာအတွင်းတွင်အုပ်ချုပ်ရေးမှူးရုံး၊ မူလတန်းကျောင်း၊ဆေးပေးခန်း၊စာကြည့်တိုက် ထရန်စဖော်မာနှင့်

ရေကန်(၇)ကန်ရှိပါသည်။ဆန်စက်(၂)လုံးရှိပါသည်။ကျေးရွာမှာတောင်နှင့်မြောက်ရှည်လျားသွယ်တန်းထားပုံစံဖြင့်ဖွဲ့စည်းထားသည်။

ကျေးရွာ၏ လိုအပ်ချက်များမှာသောက်သုံးရေအတွက် စက်ရေတွင်း ၊ ရေဆင်းတံတား၊ တိုးချဲ့ဥယျာဉ်ကွန်ကရစ်လမ်းခင်းရန်၊ ချောင်းကူးတံတားပြုပြင်ရန်၊ ရေကန် ခြံစည်းရိုးအသစ်ကာရန်၊စာကြည့်တိုက်ပြုပြင်ရန် နှင့်ကမ်းပါးထိန်းနံရံ ပြုပြင်ရန် စသည်တို့သည် ကျေးရွာအတွင်း လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်ပါသည်။

## ၂။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။




**သုံးသပ်ချက်**

ဥယျာဉ်ကျေးရွာတွင် ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးဟူ၍ လူမှုအဆင့် (၃)ဆင့်ရှိပါသည်။ ချမ်းသာသော အဆင့်မှာ တိုက်အိမ်၊ လယ်-၁၅ ကေအထက်၊ လယ်ထွန်စက်၊ TV၊ ဆိုင်ကယ်၊ စိုက်ပျိုးရေးလုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်ကြပြီး အိမ်ထောင်စုမှာ(၈၀)စုနှင့် ရာခိုင်နှုန်းမှာ(၁၇%)ရှိပြီး၊ အလယ်အလတ်ရှိသောအဆင့်တွင် ပျဉ်ထောင်၊သွပ်မိုးအိမ်၊ လယ်-၅ကေအထက်၊ ဆိုင်ကယ်၊စက်ဘီး၊TV စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြပြီး အိမ်ထောင်စုမှာ (၁၂၀) စုနှင့် ရာခိုင်နှုန်းမှာ (၂၅%) နှင့် နွမ်းပါးသောအဆင့်မှာ ဓနိမိုးအိမ်၊ ထရံကာ၊လယ်ယာမဲ့၊ လက်လုပ်လက်စား များဖြစ်ပြီး အိမ်ထောင်စုမှာ (၂၇၃)စု ရာခိုင်နှုန်းမှာ (၅၈%) ရှိသည်ဟု ကျေးရွာသူရွာသားများမှ သတ်မှတ်ခဲ့ကြပါသည်။

ကျေးရွာအတွင်း နွမ်းပါးရခြင်းမှာ လယ်ယာမြေပိုင်ဆိုင်မှုမရှိခြင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းမရှိဘဲ နေ့စားကျပန်းလုပ်ငန်းများလုပ်ကိုင်ခြင်း ၊ ပညာအရည်အချင်းနည်းပါးရခြင်း ၊ အရင်းအနှီးမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

## ၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။



**သုံးသပ်ချက်**

**စိုက်ပျိုးရေး** နယုန်လများတွင် စပါးကို စတင်စိုက်ပျိုးပါသည်။ တန်ဆောင်မုန်း၊နတ်တော်လများတွင် စပါးရိတ်သိမ်းကြပါသည်။ စပါးရိတ်သိမ်းပြီးချိန်တွင် ပဲတည်စိမ်းများကို သီးထပ် စိုက်ပျိုးကြပါသည်။

**မွေးမြူရေး** မိသားစုတပိုင်တနိုင်ဝင်ငွေရရှိရန်အတွက် ကြက်၊ဝက်၊ဆိတ် တို့ကို မွေးမြူကြပါသည်။

**ရေလုပ်ငန်း** မျှောပိုက်၊ကျားပိုက်၊စသည်တို့ကို တစ်နှစ်ပတ်လုံး တစ်နိုင် တစ်ပိုင် လုပ်ကိုင်ကြသည်။

**ဆောက်လုပ်ရေးလုပ်ငန်း** လက်သမား၊ပန်းရံလုပ်ငန်း အနည်းငယ် လုပ်ကိုင်သူ ရှိကြသည်။

**အပ်ချုပ်စက်လုပ်ငန်း** (၁)နှစ်ပတ်လုံး တစ်နိုင်တစ်ပိုင် အပ်ချုပ်လုပ်ငန်း လုပ်ကိုင်ကြသည်။

**ပွဲတော်လများ** တန်ခူးလတွင် သက်ကြီးပူဇော်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ သီတင်းကျွတ်လတွင် ဆွမ်းတော်ကြီးတင်ပွဲ၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲ၊ တပေါင်းလတွင် ကျေးရွာ ဘုရားပွဲတော်တို့ရှိပါသည်။

**ဝင်ငွေ** သီတင်းကျွတ်၊တန်ဆောင်မုန်း၊ နတ်တော်၊တပို့တွဲလများတွင် ရာသီ သီးနှံပေါ်ချိန်ဖြစ်၍ ဝင်ငွေအသင့်အတင့်ရှိသော်လည်း ကျန်လများတွင်နေ့စားလုပ်ငန်းများဖြင့်သာ လုပ်ကိုင်ဆောင်ရွက်ရခြင်းကြောင့် မိသားစုဝင်ငွေမှာ နည်းပါးပါသည်။

၄။ ဗင်းပုံစံ သုံးသပ်ချက်။




## သုံးသပ်ချက်

ကျေးရွာအတွင်း အဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးမှူးနှင့် ပညာရေးအဖွဲ့၊ ကျန်းမာအဖွဲ့ ပရဟိတအဖွဲ့တို့သည် ကျေးရွာလူထုနှင့် ထဲထဲဝင်ဝင်ရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ပညာရေးမြှင့်တင်မှု၊ကျန်းမာရေးတို့တွင် ပူးပေါင်းဆောင်ရွက်ကြပါသည်။ အမျိုးသမီးရေးရာအဖွဲ့သည် အမျိုးသမီးများ ၏ အခက်အခဲများကို ဖြေရှင်းပေးပါသည်။ အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့တို့သည် ကျေးရွာဘာသာရေး၊သာရေးနာရေး၊ လူမှုရေးတို့တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။ ကြက်ခြေနီအဖွဲ့၊ မီးသတ်အဖွဲ့ တို့သည်လည်း ရွာ၏ အုပ်ချုပ်ရေးအဖွဲ့ နှင့် ပူးပေါင်းဆောင်ရွက်ပါသည်။

ကျေးရွာပြင်ပအဖွဲ့အစည်းဖြစ်သော မြို့နယ်ထွေအုပ်၊ သမဘဏ်၊ စိုက်ပျိုးရေးဘဏ်၊ မြစိမ်းရောင်၊ ကျန်းမာရေးဌာန၊ကျေးလက်ဖွံ့ ဖြိုးရေးဌာန၊ လျှပ်စစ်ဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ပညာရေးဌာနများသည်လည်း၊ ကျေးရွာ အဖွဲ့အစည်းများနှင့် ကဏ္ဍအသီးသီးတွင် ချိတ်ဆက်ဆောင်ရွက်နေသည်ကိုလဲ တွေ့ရှိရပါသည်။

၅။ ပင့်ကူအိမ်သုံးသပ်ချက်။



**သုံးသပ်ချက်**

**ဆုံးဖြတ်ပိုင်ခွင့်** ကျေးရွာအတွင်းဆုံးဖြတ်ချက်များချရာတွင် အမျိုးသားများက အမျိုးသမီးများထက် ပို၍ဆုံးဖြတ်ချက်ချနိုင်သည်ကို တွေ့ရှိရပါသည်။

**လုံခြုံမှု** အမျိုးသမီးများသည် အမျိုးသားထက် ကျန်းမာရေးအသိပညာ ပိုမိုတွေ့ရှိသည်ကို တွေ့ရှိရပါသည်။

**အိမ်မှုကိစ္စဆောင်ရွက်မှု** အမျိုးသမီးများသည် အိမ်မှုကိစ္စအပေါ်တွင် အမျိုးသားများထက် ပိုမိုဆောင်ရွက်နေရသည်ကိုတွေ့ရသည်။

**ပညာရေး** အမျိုးသားများနှင့် အမျိုးသမီးများသည် ပညာရေးတွင်တန်းတူအခွင့်ရေး ရရှိသည်ကို တွေ့ရှိရပါသည်။

**အဖွဲ့အစည်းများတွင်ပါဝင်ခြင်း** အမျိုးသမီးများထက် အမျိုးသားများက အဖွဲ့အစည်းများတွင် ပိုမို ပူးပေါင်းပါဝင် လုပ်ကိုင်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။

**လူမှုရေး၊ဘာသာရေး၊စီးပွါးရေး** လူမှုရေး၊ဘာသာရေး၊စီးပွါးရေး စသည်တို့တွင် အမျိုးသားများသည် အမျိုးသမီးများထက် ဦးစီးဦးဆောင် လုပ်နေသည်ကို တွေ့ရှိရပါသည်။

## ၆။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း။



## သုံးသပ်ချက်

**ထိန်းချုပ်မှု** ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော ဆွဲကွန် ၊ စာကြည့်တိုက်၊ တံတား၊ ကစားကွင်း၊ ဆိုင်ကယ်၊ လယ်၊ မျှော်ပိုက် စသည့် အရင်းအမြစ်များကို အမျိုးသားများမှ ထိန်းချုပ်ထားပါသည်။ အပ်ချုပ်စက်၊ ဆေးပေးခန်း၊ ရွှေ စသည်တို့အား အမျိုးသမီးများမှ ထိန်းချုပ်ထားပြီး အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးထိမ်းချုပ်ထားသော အရင်းအမြစ်များမှာ သောက်ရေကန်၊ လယ်၊ စာသင်ကျောင်း တာဂါတိုင် နှင့် ဘုန်းတော်ကြီးကျောင်းစသည်တို့ကို ထိန်းချုပ်ထားပါသည်။

**အသုံးပြုမှု** ကျေးရွာ၏ အရင်းအမြစ်ဖြစ်သော မျှောပိုက်၊ လယ်၊ ဆွဲကွန်၊ စသည်တို့ကို အမျိုးသားများအသုံးပြုပြီး အပ်ချုပ်စက်၊ ရွှေ စသည်တို့အား အမျိုးသမီးများသာ အသုံးပြု၍ အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးအသုံးပြုသော အရင်းအမြစ်များမှာ ဘုန်းတော်ကြီးကျောင်း၊ ၊ဆိုင်ကယ် ၊သောက်ရေကန်၊ စာသင်ကျောင်း၊ တာဂါတိုင်၊ ကစားကွင်း၊ တံတား၊ ဆေးပေးခန်း၊ စာသင်ကျောင်း စသည်တို့ကို အသုံးပြုကြပါသည်။

## အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ

### ၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် သက်ဆိုင်ရာ အုပ်ချုပ်ရေးနှင့်အဖွဲ့သို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။ ရက်စွဲ - ၂၅.၁.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရား များကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ် ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ် လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့ များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့ စည်းရေးပူးပေါင်းပါဝင်ရေး၊ဦး ဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင် ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား | √ | | |

| | | | | |
|---|---|---|---|---|
| | အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင် မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြော ကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



**အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ**






မှတ်တမ်းဓါတ်ပုံ



အစည်းအဝေးမှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓါတ်ပုံ

### ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးဌေးကြိုင် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်စီစီဂင်း | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးအောင်လင်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဒေါ်မြတ်မြတ်မွန် | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဦးလှမိုး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဒေါ်အေးမာ | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဦးလှမြင့် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဦးမြင့်ထွန်းနိုင် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးနေဂင်းနိုင် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၁၀ | ဒေါ်သီသီဂင်း | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၁ | ဦးနွယ်စိုး | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၂ | ဦးမင်းဇော်ဦး | ကျား | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၃ | ဒေါ်သန်းခင် | မ | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၄ | ဦးမြင့်သူ | ကျား | စေတနာ့ဝန်ထမ်း |
| ၁၅ | ဒေါ်စုစုဂင်း | မ | စေတနာ့ဝန်ထမ်း |
| ၁၆ | ဦးမင်းဇော်ဦး | ကျား | စေတနာ့ဂန်ထမ်း |
| ၁၇ | ဦးမြင့်အေး | ကျား | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၈) ယောက်        ကျား-(၁၁) ယောက် +မ(၆) ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဦးငွေကြိုင် - ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ
၂။ဒေါ်သူဇာမြင့် - ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ
၃။ဒေါ်စီစီဝင်း - ဘဏ္ဍာရေးဆပ်ကော်မတီ၊ ဥက္ကဋ္ဌ
၄။ဒေါ်မျိုးမျိုးနိုင် - ဘဏ္ဍာရေးဆပ်ကော်မတီ၊ စာရင်းကိုင်
၅။ဦးမျိုးလှိုင်ဦး - ဘဏ္ဍာရေးဆပ်ကော်မတီ ၊ အဖွဲ့ဝင်
၆။ဦးဝင်းနိုင် - အုပ်စုအဖွဲ့ဝင်
၇။ဒေါ်အိအိခိုင် - အုပ်စုအဖွဲ့ဝင်
၈။ဦးအုန်းမြင့် - အုပ်စုအဖွဲ့ဝင်

**မှတ်တမ်းတင်သူ**

အမည်။ ဦးရန်နောင်ဝင်း

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၂၅ . ၁ .၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| ***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် | |
|---|---|---|---|
| ဦးသန်းမြင့်ရွှေ | 09.796269416 | ချောစုဝင်း | |
| ပြည်နယ်၊တိုင်းဒေသကြီး ရန်ကုန် | မြို့နယ် ကျောက်တန်း | ကျေးရွာအုပ်စု ဥယျာဉ် | ကျေးရွာ ဥယျာဉ် |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၄၈၈ | ဘာသာ (၁) ဗုဒ္ဓ | ၄၈၈ |
| လူမျိုးစု (၂) ဟိန္ဒူ | ၁၂ | ဘာသာ (၂) ဟိန္ဒူ | ၁၂ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၄ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၇၀ | | |
| စစ်ဘေးရှောင် | - | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၈၃၂ | ၈၈၃ |
| လူမျိုးစု (၁)---------- | ၈၀၂ | ၈၆၀ |
| လူမျိုးစု (၂)---------- | ၃၀ | ၂၃ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၄၇၃ | ၂၇ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☑ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☑ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☑ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် မူလတန်း လွန် | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | | | (၂) ကျန်းမာရေး | | | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| | မူလတန်းပြဆရာ/မ | ☑ | ☑ | | ဆရာဝန် | ☐ | ☐ | | လက်သမား | ☑ | ☐ |
| | အထက်တန်းပြဆရာ/မ | ☐ | ☐ | | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | | ပန်းရံ | ☑ | ☐ |
| | အလယ်တန်းပြဆရာ/မ | ☑ | ☑ | | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| | မူကြိုဆရာ/မ | ☑ | ☐ | | သားဖွားဆရာမ | ☑ | ☐ | | ရေပိုက်သွယ်သူ | ☑ | ☐ |
| | အခြား | ☐ | ☐ | | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | | | မှတ်ချက် | | | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | **ကွန်ကရစ်လမ်း** | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်** — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/**မရှိပါ**/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်---------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---နာဂစ်မုန်တိုင်း----

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) မြစ်မ်းကျေး အဖွဲ့ (၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့

(၂) ၁၁/မ အဖွဲ့

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးသန်းမြင့်ဌေး

လက်မှတ် [signature] နေ့စွဲ (၂၁.၁.၂၀၁၇)

လူထုစည်းရုံးရေးမှူး အမည် ဦးထွန်းအောင်ဝေ

လက်မှတ် [signature] နေ့စွဲ ၂၁.၁.၂၀၁၇

## ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

### ပုံစံ - စ- ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3 )

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့် ( ၃ ) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသည့်အခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူး အကူအညီဖြင့် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် ဦးရန်နောင်ဝင်း. | | | |
| နေ့စွဲ ၂၅.၁.၂၀၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း ( ၁ ) ☐ စက်ဝန်း ( ၂ ) ☐ စက်ဝန်း ( ၃ ) ☐ စက်ဝန်း ( ၄ ) | |
| ပြည်နယ် / တိုင်း ရန်ကုန် | မြို့နယ် ကော့မှူး | ကျေးရွာအုပ်စု ဥယျာဉ် | ကျေးရွာ ဥယျာဉ် |

က။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတတ်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ ( အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ( ၅ )ခုစီဖော်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | | အမျိုးသမီးအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | သောက်သုံးရေခက်ခဲခြင်း။ | ၁ | အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း။ |
| ၂ | ရေဆင်းတံတား ပျက်စီးနေခြင်း။ | ၂ | သောက်သုံးရေ ရှားပါးခြင်း။ |
| ၃ | ချောင်းကမ်းပါးများ ပြိုကျနေခြင်း။ | ၃ | ကလေးများပညာသင်ရာတွင်ခက်ခဲခြင်း။ |
| ၄ | ဗဟုသုတ နည်းပါးခြင်း။ | ၄ | နေထိုင်ရန် မြေနေရာ မရှိခြင်း။ |
| ၅ | ကွင်းတဲသို့ သွားလာရခက်ခဲခြင်း။ | ၅ | ကျန်းမာရေး စောင့်ရှောက်ပံ့ပိုးမှု အားနည်းခြင်း |

ခ။ မျှော်မှန်းခြင်း - နောက်လာမည့် ( ၅ )နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ မျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | သောက်သုံးရေ လုံလောက်စွာ ရရှိရန်။ | ၁ | အလုပ်အကိုင်ပေါများစေရန်။ |
| ၂ | ရေကာမ်းဒိုး၊ သွားလာလွယ်ကူရန်။ | ၂ | သောက်သုံးရေ လုံလောက်စွာရရှိရန်။ |
| ၃ | ချောင်းကမ်းပါး မပြိုကျစေရန်။ | ၃ | ကလေးများ ပညာသင်ရာတွင် အဆင်ပြေ ချောမွေ့စေရန်။ |
| ၄ | ဗဟုသုတ၊ အသိအမြင် တိုးပွားစေရန်။ | ၄ | လူတိုင်း မြေပိုင်ရှိစေရန်။ |
| ၅ | ကွင်းတဲသို့ လွယ်ကူစွာ သွားလာနိုင်ရန်။ | ၅ | ကျန်းမာရေး စောင့်ရှောက်မှု လုံလောက်စွာရရှိရန်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှုလုပ်ငန်းအစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် |
|---|---|---|---|---|
| ၁ | ဆိုလာ၊ ဥယျာဉ်ကျေးရွာ လမ်းမီးတင်ခြင်း | (က + မ) | ၁၀၀၀၀၀၀၀/- | ၁၇-၁၈ |
| ၂ | တက်ရေတွင်း တူးဖော်ခြင်း | (က + မ) | ၁၀၀၀၀၀၀ိ/- | ၁၇-၁၈ |
| ၃ | ရေဆင်းတံတား ပြုပြင်ခြင်း | (က) | ၁၁၂၅၀၀၀ိ/- | ၁၇-၁၈ |
| ၄ | ကမ်းပါးကာ နံရံ ပြုလုပ်ခြင်း | (က) | ၂၀၀၀၀၀၀ိ/- | ၁၇-၁၈ |
| ၅ | ချောင်းကူးတံတား ပြုပြင်ခြင်း (၃စီး) | (က) | ၂၁၂၅၀၀၀ိ/- | ၁၇-၁၈ |
| ၆ | အားကစားကွင်း တည်ဆောက်ခြင်း | (က) | ၂၀၀၀၀၀ိ/- | ၁၇-၁၈ |
| ၇ | စာကြည့်တိုက် ပြုပြင်ခြင်း | (က) | ၁၀၀၀၀၀ိ/- | ၁၇-၁၈ |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁။ | စာသင်ကျောင်း [illegible] | (က + မ) | |
| ၂။ | [illegible] | (က) | |
| ၃။ | [illegible] | (က + မ) | |
| ၄။ | [illegible] | (က + မ) | |
| ၅။ | [illegible] | (မ) | |
| ၆။ | [illegible] | (မ) | |
| ၇။ | [illegible] | (မ) | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည်- [illegible] လက်မှတ်- [illegible] နေ့စွဲ- 25.1.17

[illegible]

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

| | |
|---|---|
| ကျေးရွာ | ဥယျာဉ်ကျေးရွာ |
| ကျေးရွာအုပ်စု | ဥယျာဉ်ကျေးရွာအုပ်စု |
| အစည်းအဝေးပြုလုပ်သည့်နေရာ | အောင်ချမ်းသာ ဘုန်းတော်ကြီးကျောင်းရိပ်သာ |
| အစည်းအဝေးပြုလုပ်သည့်နေ့ရက် | ၂၁.၁.၂၀၁၇ (စနေနေ့) |
| အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ | ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး |

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၁၇၄)ဦး ၊မ (၁၄၀)ဦး= (၃၁၄) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ကျေးရွာလူထုမှ လူထုဗဟိုပြုစီမံကိန်းနှင့် ပတ်သက်သည်များကို သိရှိစေရန်နှင့် ကျေးရွာအတွက် စေတနာ့ဝန်ထမ်းများ ထွက်ပေါ်လာစေရန်။

ဆွေးနွေးချက်များ။ ။ ကျေးရွာရပ်မိရပ်ဖ ဦးဘရွှေ မှ စီမံကိန်းသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် များစွာအထောက်အပံ့ ပြုလုပ်သွားမည်နှင့် ရွာသူရွာသားများ အနေနှင့်လည်း အချိန်ပေး၍ အစည်းအဝေးသို့ ပုံမှန်တက်ရောက် ပူးပေါင်းပါဝင်ပေး၍ ပြောကြားခဲ့သည်။

ဆွေးနွေးချက်။ ။ လူထုစည်းရုံးရေးမှူး ဦးရန်နောင်ဝင်း မှ ကျေးရွာသူကျေးရွာသားများအား မိတ်ဆက်၍ စီမံကိန်းစတင်ဖြစ်ပေါ်လာပုံနှင့် ရွာသူရွာသားများ အားလုံးနှင့် သက်ဆိုင်ကြောင်း၊ အားလုံးပူးပေါင်းပါဝင်မှသာ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်မည်ဖြစ်သောကြောင့် ပူးပေါင်းပေး၍ ပြောကြားခဲ့သည်။

| | |
|---|---|
| ဆွေးနွေးချက်။<br>ဆုံးဖြတ်ချက်<br>သဘောတူညီချက် | ။ ဦးရန်နောင်ဝင်းမှ စီမံကိန်းမိတ်ဆက် (၁၅) ချက်အား ရှင်းလင်း ပြောကြားခဲ့သည်။ စီမံကိန်း စက်ဝန်းကို ရှင်းပြခဲ့သည်။ အဆိုင်း ကြီး (၆) ဆိုင်းနှင့် အဆင့်ငယ် (၁၄) ဆင့် အားရှင်းပြခဲ့သည်။ ဆက်လက်၍ စီမံကိန်းတွင် အဓိက တာဝန်ရှိသူများနှင့် ၎င်းတို့၏ တာဝန်များ အကြောင်းရှင်းပြခဲ့သည်။ ထို့နောက်ရှင်းလင်း ပြီးသည်များကို မရှင်းလင်း နားမလည်ပါက ပြန်လည်မေးမြန်း နိုင်ပါကြောင်း ပြောကြားခဲ့သည်။ ရွာလူထုမှ နားလည်ကြောင်း ပြောသဖြင့် ပြောခဲ့ပြီးသည်များကို ပြန်လည် အနှစ်ချုပ် ပြော ကြားခဲ့သည်။ |
| ဆွေးနွေးချက် ။<br>ဆုံးဖြတ်ချက်<br>သဘောတူညီချက် | ။ ဆက်လက်၍ ဦးရန်နောင်ဝင်းမှ ကျေးရွာစေတနာ့ဝန်ထမ်းရွေး ချယ်မည့် အကြောင်းကို ရှင်းပြခဲ့သည်။ အမျိုးသား (၁) ဦး အမျိုးသမီး (၁) ဦး ရွေးချယ်ရပါမည်။ ကျေးရွာတွင် ဘယ်နှစ် ယောက် ထားမလဲ ဟု မေးရာတွင် (၃) ယောက်သာ ထားမည်ဟု ကျေးရွာဆန္ဒဖြင့် အဆိုပြုရာ အမျိုးသား (၃) ဦးနှင့် အမျိုးသ မီး (၃) ဦးကို အဆိုပြုတော့ မဲပေးရွေးချယ်ရာ ဦးမြင့်သူ၊ ဦးမင်း ဇော်ဦး နှင့် ဒေါ်နုနုဝင်း တို့ကို ကျေးရွာစေတနာ့ဝန်ထမ်း အဖြစ် ပွင့်လင်းမြင်သာမှု ရှိစွာရွေးချယ်ခဲ့သည်။ စေတနာ့ဝန်ထမ်းရွေး ချယ်ပြီးနောက် ဦးရန်နောင်ဝင်းမှ ရွာသူရွာသားများအား ကျေးဇူး တင်ကြောင်း ပြောကြားပြီး လူထုဗဟိုပြု စီမံကိန်း ကျေးရွာမိတ် ဆက် အစည်းအဝေးအား အောင်မြင်စွာရုပ်သိမ်းခဲ့ပါသည်။ |

မှတ်တမ်းတင်သူ
(signature)
ဦးရန်နောင်ဝင်း
လူထုစည်းရုံးရေးမှူး

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

## ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ---- ဥယျာဉ်ကျေးရွာ

ကျေးရွာအုပ်စု ---- ဥယျာဉ်ကျေးရွာအုပ်စု

အစည်းအဝေးပြုလုပ်သည့်နေရာ ---- အောင်ချမ်းသာအုန်းတော်ကြီးကျောင်း ရိပ်သာ

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ---- ၂၅.၁.၂၀၁၇ (မွန်းလွဲပိုင်း)

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ---- ကျေးရွာဖွံ့ဖြိုးရေး စီမံချက် အစည်းအဝေး

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၈၈)ဦး ၊မ (၁၁၈)ဦး= (၂၀၆) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

အမျိုးသားများနှင့် အမျိုးသမီးများ၏ အခက်အခဲများအား သိရှိစေရန်၊ ကျေးရွာ၏ မျှော်မှန်းချက်များအား သိရှိစေရန်၊ ဦးစားပေးလုပ်ငန်းခွဲများအား သိရှိစေရန်၊ စီမံကိန်းလုပ်ငန်းခွဲများအား ဦးဆောင်လုပ်ကိုင်နိုင်မည့် စီမံကိန်းခွဲမှ ကော်မတီဝင်များ ထွက်ပေါ်လာရန်။

ဆွေးနွေးချက်။ ။ ဦးရန်နောင်ဝင်းမှ အမျိုးသား အမျိုးသမီးများအား သီးခြားခွဲစေရန် ၎င်းတို့၏ အခက်အခဲများ၊ ကျေးရွာအတွက် မျှော်မှန်းချက်များကို ဖော်ထုတ်ခဲ့သည်။ ၎င်းအခက်အခဲများမှ မျှော်မှန်းချက်သို့ရောက်ရှိရန် စီမံကိန်း လုပ်ငန်းခွဲများဖြင့် သွားမှသာ ရောက်နိုင်မည်ဖြစ်ကြောင်းကို ပြောကြားခဲ့သည်။ အမျိုးသား အမျိုးသမီးများ၏ ထွက်ပေါ်လာသော ဖွံ့ဖြိုးရေး လုပ်ငန်းများအား ပေါင်းစုပြီး မဲခွဲစနစ်ဖြင့် ဦးစားပေး သတ်မှတ်ခဲ့သည်။

ဆုံးဖြတ်ချက်။ ။ မဲပေးရွေးချယ်ရာတွင် (၁) တိုးချဲ့ ဥယျာဉ် ကွန်ကရစ်လမ်း၊ (၂) စာသင်ကျောင်း အဆောင်တိုးမြှင့်ရန် (၃) ကမ်းပတ်တာ၊ (၄) စက်ရေတွင်း၊ (၅) ဘုရားစာသင်းရုံနှင့်၊ (၆) အထွေထွေ ချုပ်ကော်ဂုံအသေး (၇) ရေသွင်းတံတား ပြုပြင်ခြင်း၊ (၈)

(၈) ကမ်းပါးထိန်းနံရံ ၊ (၉) ချောင်းကူးတံတား ပြုပြင်ခြင်း ၊ (၁၀) ကျေး
မ ကျန်းမာရေးအသုံးစရိတ် ၊ (၁၁) အားကစားကွင်း ၊ (၁၂) ကျောက်ကြည့် ကိုက်
တိုးချဲ့ရန် ၊ (၁၃) မြေရာကျဉ်းရန် ၊ (၁၄) ဆေးဝါး အထောက်အပံ့
တို့ဖြင့် အသီးသီး ဦးစားပေး လုပ်ငန်း အဆင့်ဆင့်ကို ပွင့်လင်းမြင်သာမှု
ရှိစွာဖြင့် ရွေးချယ်နိုင်ခဲ့ပါသည်။

သုံးသပ်ချက်။
သဘောတူညီချက်

။ ကျေးရွာ၏ ဦးစားပေး လုပ်ငန်းများအား စီမံခန့်ခွဲနိုင်ရန် ကျေးရွာစီ
တောက်လျှောက်ခြင်း အောင်မြင်စွာ ရရှိသည့်နောက် ရွေးနှုန်းရန် ရပ်ကွက်တို့၏ တာဝန်
ဝင်ဝတ္တရားများ အမျိုးသား ၊ အမျိုးသမီး (၁၁) ဦး တိတိ ရှိရမည်ဟု
ပြောကြားခဲ့၍ ကျေးရွာလူထုအား (၃) ဦးစီ အဆိုပြုစေ၍ ဦးရွှေ
ကြိုင် နှင့် ဒေါ်စိစိဝင်း တို့အား ရွေးချယ်ခဲ့ရသည်။

ကျေးရွာ ငွေစာရင်း ကိုင် အတွက် (၃) ဦး အဆိုပြုစေ၍ မဲပေး
ရွေးချယ်ခဲ့ရာ ဦးမြင့်အေး မှ ရွေးချယ်ခံရပါသည်။ ဝယ်
ယူရေး ဆပ်ကော်မတီ အတွက် မဲပေးခဲ့ရာ (၁) ဦးအောင်လင်း
၂၁ ဦးလှဦး (၃) ဒေါ်မြတ်မြတ်ဆွေ တို့ကို ရွေးချယ်ခဲ့ပါ
သည်။ လှုပ်ပတ်ထိန်းသိမ်းရေး ဆပ်ကော်မတီ အတွက် ဦး
နွယ်ဦး ၊ ဦးရဝင်းနိုင် နှင့် ဒေါ်သီသီဝင်း တို့မှ ရွေးချယ်
ခံခဲ့ရပါသည်။ စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ အတွက်
ဦးမြင့်ထွန်းနိုင် ၊ ဦးလှမြင့် နှင့် ဒေါ်အေးမာ တို့မှ ရွေးချယ်
ခံရပါသည်။ ဝေဖန်အကြံပြု တိုင်ကြားချက် ဖြေရှင်းရေးအဖွဲ့ တွင်
ဦးမင်းဇော်ဦး ၊ ဦးအေးဆွေ နှင့် ဒေါ်ယဉ်းခင် တို့မှ ရွေး
ချယ်ခံရပါသည်။

ဆုံးဖြတ်ချက် ။ ။ ကျေးရွာလူထုအား ထပ်မံ၍ ဦးဂျုံနောင်ဝင်း မှ ယခုမဲရွေးချယ်
သဘောတူညီချက်

မှုအပြီး ကျေးရွာလူထု၏ သဘောထားကို ထပ်မံမေးမြန်း
၍ အများသဘောတူညီချက်ဖြင့် ပွင့်လင်းမြင်သာစွာမဲပေး
ရွေးချယ်ခဲ့ကြောင်း ပြောကြား၍ ရွေးချယ်ခံရသူများကို
လက်ခံလားဟူ၍ မေးမြန်းရာ အားလုံးသဘောတူညီသဖြင့်
ရွေးချယ်ခံကော်မတီဝင်များကို ကျောင်းရပ် ဆောင်ရန်နှင့်
လိုအပ်သော ကိုယ်ရေးအချက်အလက်များ၊ လက်မှတ်များ ရေး
ထိုးစေပြီး ကျေးရွာသူ/ရွာသားများ၏ သဘောတူညီမှု
ဖြင့် ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးအား ရုတ်သိမ်းခဲ့ပါ
သည်။

မှတ်တမ်းတင်သူ

(လက်မှတ်)

ဦးဂျုံနောင်ဝင်း

လူထုစည်းရုံးရေးမှူး

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊